## ၁-၂။ နေထိုင်ကြောင်းအကြောင်းကြားစာ(ပြောင်းရွှေ့လာကြောင်းအကြောင်းကြားစာ)

နေထိုင်ခွင့်ကတ်ပြားလက်ခံရရှိထားသူသည် မိမိနေထိုင်မည့်နေရာ(နေရပ်၊ လိပ်စာ)ကို သတ်မှတ်ပြီးသည့် နေ့မှစ၍ ၁၄ရက်အတွင်း မိမိနေထိုင်ရာရှိမြို့နယ်ရပ်ကွက်ကျေးရွာရုံးတွင် နေထိုင်ကြောင်းအကြောင်း ကြားစာ (ပြောင်းရွှေ့ကြောင်းအသိပေးစာ) ပြုလုပ်ရန်လိုအပ်သည်။

ထို့အပြင် အကြောင်းကြားစာတွင် နေထိုင်ခွင့်ကတ်ပြား (၁-၁၏(၁)အရဖြစ်ပါက) သို့မဟုတ် နိုင်ငံကူးလက်မှတ် (၁-၁၏(၂)အရဖြစ်ပါက) ပါ တင်ပြရန် လိုအပ်သည်ဖြစ်ရာ မမေ့မလျော့ ယူဆောင် သွားပါ။

**အခန်း၂၏ အခန်းခွဲ၁(၁-၁) မှ နေရပ်လိပ်စာအကြောင်းကြားစာကိုကြည့်ပါ။**

အခန်း ၂။

# မြို့နယ်ရပ်ကွက်ကျေးရွာရုံး၌ပြုလုပ်ရမည့် လုပ်ထုံးလုပ်နည်းများ



## ၁။ လိုအပ်သောအကြောင်းကြားခြင်း

### ၁-၁။ နေရပ်လိပ်စာအကြောင်းကြားစာ

နိုင်ငံခြားသားများအနက် အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် နေရပ်လိပ်စာကို မြို့နယ်ရပ်ကွက် ကျေးရွာရုံးသို့ အကြောင်းကြားရန် လိုအပ်သည်။

**အကြောင်းကြားရန်လိုအပ်သူများ**

- နေထိုင်ခွင့်ကတ်ပြားရရှိထားသူ(အလယ်အလတ်နှင့်ရေရှည်နေထိုင်သူ)
- အထူးရာသက်ပန်နေထိုင်ခွင့်ရှိသူ
- ယာယီခိုလှုံခွင့် (သို့) ပြန်လည်နေထိုင်ခွင့်လျှောက်ထားသူ
- ကလေးမွေးဖွားခြင်း(သို့)ဂျပန်နိုင်ငံသားဆုံးရှုံးမှုကြောင့် ကာလကျော်၍ဆက်လက်နေထိုင်သူ

### (၁) ပြည်ဝင်ခွင့်အသစ်ရယူပြီး ဝင်ရောက်လာခြင်း၌

- နေရပ်လိပ်စာ အတည်တကျ ဖြစ်သည့်နေ့မှစ၍ ၁၄ရက်အတွင်း မြို့နယ်ရပ်ကွက်ကျေးရွာရုံးတွင် "ရွှေ့ပြောင်းမှု အကြောင်းကြားခြင်း"ကို ပြုလုပ်ရန်လိုအပ်သည်။
- အကြောင်းကြားသည့်အခါ နေထိုင်ခွင့်ကတ်ပြား (နေထိုင်ခွင့်ကတ်လက်ဝယ်မရရှိသေးသူဖြစ်ပါက နိုင်ငံကူး လက်မှတ်) ကိုယူဆောင်လာရန်
- မိသားစုနှင့်အတူနေထိုင်မည့်အခါမျိုး၌ လက်ထပ်မှတ်ပုံတင်နှင့် မွေးစာရင်းစသည်ဖြင့် မိသားစု တော်စပ်ကြောင်း ကို သက်သေပြနိုင်သော ရုံးပိုင်းဆိုင်ရာ စာရွက်စာတမ်းများလည်း လိုအပ်မည်။
- ပြောင်းရွှေ့ကြောင်းအသိပေးစာပေးပို့ပါက အောက်ပါအတိုင်းဖြစ်မည်။

(၁) ပြောင်းရွှေ့ကြောင်းအသိပေးစာပေးပို့ပါက နေထိုင်ခွင့်ကတ်ပြား၌ နေရပ်လိပ်စာပါ တစ်ပြိုင်နက် မှတ်ပုံတင်ပြီးစီးမည်။

(၂) နေထိုင်မှုမှတ်တမ်း ပြုစုပြီးစီးမည်။

- အမည်၊မွေးသက္ကရာဇ်၊ကျား၊မ၊နေရပ်လိပ်စာ စသည်တို့ကို မှတ်တမ်းတင်ရေးသွင်းမည်။
- အမှန်အကန်နေထိုင်ကြောင်းသက်သေပြရန်အတွက် နေထိုင်မှုမှတ်တမ်းမိတ္တူ ထုတ်ပေးရန် လျှောက်ထားနိုင်မည်ဖြစ်သည်။ (အခကြေးငွေဖြင့်)

(၃) မြို့နယ်မှ သင်၏ My Number ကိုအကြောင်းကြားမည်။

*My Number - ဂျပန်နိုင်ငံအတွင်း လူမှုရေးအာမခံ၊အခွန်၊သဘာဝဘေးကာကွယ်မှုများအတွက် စာရွက်စာတမ်းများပြုလုပ်သည့်အခါ သင့်အားမည်သူမည်ဝါဖြစ်ကြောင်း ချက်ချင်းသိရှိနိုင်ရန် အတွက် ပြုလုပ်ထားသည့် ဂဏန်း၁၂လုံးပါရှိသည့်(ကိုယ်ပိုင်)နံပါတ်

**အသေးစိတ်ကို အခန်းခွဲ(၂) My Number စနစ်တွင် မှီငြမ်းပါ။**

(၄) My Number ကတ်မလျှောက်ထားသေးသူများအနေဖြင့် .My Number အကြောင်းကြားစာ နှင့်အတူ ပူးတွဲပေးပို့ထားသည့် လျှောက်လွှာကို အသုံးပြု၍ လျှောက်ထားနိုင်သည်။

## (၂) အိမ်ပြောင်းရွှေ့သည့်အခါ၌



(၁) အခြားမြို့နယ်သို့ပြောင်းရွှေ့သည့်အခါ

- မပြောင်းရွှေ့မီ - လက်ရှိနေထိုင်ရာမြို့နယ်ရှိရုံးသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်းအသိပေးရန်
- ပြောင်းရွှေ့ပြီး - ပြောင်းရွှေ့ပြီး၁၄ရက်အတွင်းအသစ်ပြောင်းရွှေ့လာသောမြို့နယ်ရှိရုံးသို့ ပြောင်းရွှေ့လာကြောင်းအသိပေးရန်

(၂) မြို့နယ်တစ်ခုတည်းအတွင်း၌ အိမ်ပြောင်းရွှေ့သောအခါ

အိမ်ပြောင်းရွှေ့ပြီး၁၄ရက်အတွင်း နေထိုင်သော မြို့နယ်ရှိရုံးသို့ အိမ်ပြောင်းရွှေ့ကြောင်း အကြောင်း ကြားရန်

(၃) နိုင်ငံရပ်ခြားသို့ပြောင်းရွှေ့သောအခါ

မပြောင်းရွှေ့မီ လက်ရှိနေထိုင်သောမြို့နယ်ရှိရုံးသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း အကြောင်းကြားရန်

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.soumu.go.jp/main_sosiki/jichi_gyousei/c-gyousei/zairyu/english/move-in_move-out.html